

# ကမ္ဘာကြီးပျက်စီးလုနီးပြီလော

ရိုသေစွာ မေးလျှောက်အပ်ပါသည် အရှင်ဘုရား၊
၂၀၁၂ ခုနှစ်မှာ ကမ္ဘာပျက်မည်ဟု သူသူငါငါ ပြောဆိုနေတာကို ကြား နေရပါသည်။ တပည့်တော်သည် ဗုဒ္ဓဘာသာဝင် ဖြစ်သဖြင့် ထိုကိစ္စကို မယုံကြည်ပါ။ တစ်ချိန်တည်းတွင် ၂၀၁၂ မှာ ကမ္ဘာအရပ်ရပ်မှာ ဆိုးဝါး ကြီးမားသည့် သဘာဝ ဘေးအန္တရာယ် တစ်ခုခုနှင့် ကြုံတွေ့နိုင်သည်ဟုလည်း စိတ်ထဲမှာ အလိုအလို စွဲထင်နေပါသည် အရှင်ဘုရား။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဆရာတော်၏ ထင်မြင်ချက်နှင့် ဩဝါဒကို သိလိုပါသည် အရှင်ဘုရား။

ဦးတင်လျက်
သူရနိုင် (Capital 8 Trading C, Ltd, Myanmar )

------------------

**သိပ္ပံ နက္ခတ်**

နှစ်ပေါင်း သိန်းချီကြာပြီးမှ တစ်ကြိမ်လောက် ဖြစ်လေ့ရှိတဲ့ ဘုန်းကြီးတို့ရဲ့ နေစကြဝဠာ (မြင်နေရတဲ့ နေအပါအဝင် ဂြိုဟ်ကိုးလုံး) ဟာ လာမယ့် ၂၀၁၂ မှာ မဟာဂေလက်ဆီရဲ့ အလယ်ကို ရောက်သွားမယ်လို့ သိပ္ပံဆရာတွေက ခန့်မှန်းနေကြပါတယ်။ အဲဒီလို ဖြစ်ခဲ့ရင် ..

(၁) နေရဲ့ ရောင်ခြည် ပေါက်ကွဲမှုဟာ ပုံမှန်ထက် အရှိန်ပိုမြင့်ပြီး အနီးအနားက နေထက် အဆပေါင်း များစွာငယ်တဲ့ ကမ္ဘာလို ဂြိုဟ်ငယ်တွေကို သက်ရောက်မှု ဖြစ်စေနိုင်တယ်။

(၂) ၂၀၁၂ မှာပဲ နေနဲ့ ကမ္ဘာအကြားမှာ ဂြိုဟ်လေးလုံး တစ်တန်းတည်း ကျရောက်မှာဖြစ်လို့ ကမ္ဘာ့ဆွဲငင်အား ပြောင်းလဲနိုင်တဲ့အတွက် ကမ္ဘာ့ဝင်ရိုး အနေအထား ပြောင်းသွားနိုင်တယ်။ ဆိုပါတော့ တောင်ဝင်ရိုးစွန်းဟာ မြောက်ဝင်ရိုးစွန်း ဖြစ်သွားနိုင်တယ်။ အဓိပ္ပာယ်က ကမ္ဘာကြီး ဂွမ်းထိုးမှောက်ခုံ ဖြစ်သွားမယ်ပေါ့။ အိုင်စတိုင်းရဲ့ သီအိုရီတစ်ခုအရ အလာစကာပြည်နယ်ဟာ တစ်ချိန်က အီကွေတာ ဖြစ်ခဲ့ဖူးသတဲ့။

တောင်အမေရိက အလယ်ပိုင်းက နက္ခတ်ပညာ အဆင့်မြင့်တယ် ဆိုတဲ့ မာယန်လူမျိုးတွေရဲ့ ပြက္ခဒိန်မှာ ၂၁ ရက်၊ ဒီဇင်ဘာ၊ ၂၀၁၂ ပဲရှိတာဟာ အဲဒီနောက် ဒီကမ္ဘာမြေ မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်သတဲ့။ တရုတ်လူမျိုးတွေ ရာစုနှစ်ပေါင်း များစွာ ယုံကြည်လာခဲ့ကြတဲ့ ခေါင်းပန်းလှန် ဗေဒင်ကလည်း ၂၀၁၂ မှာ ကမ္ဘာပေါ်မှာ ကြီးမားဆိုးရွားတဲ့ ကပ်ဘေးတွေ ကျရောက်မယ်လို့ ဟောကြားပါသတဲ့။

**ဘာသာရေး မဲဆွယ်မှု**

ဘာသာရေး တီဗွီလိုင်းတစ်ခုမှာ ကမ္ဘာပျက်တော့မယ်ဆိုတဲ့ သက်သေ သာဓကတွေကို အဲဒီလို အားရပါးရ ရှင်းပြပြီးနောက် ဟောပြောချက်ကို နိဂုံးချုပ်လိုက်ပုံက ‘မိတ်ဆွေ .. သင်ဘာလုပ်သင့်သလဲ။ ဘုရားသခင်ကို မမေ့ပါနဲ့။ အပြစ်ကို ခွင့်လွှတ်ဖို့ ဖဘုရားကို တောင်းပန်ပါ၊ ပြီးရင် ဆုတော် ပေးသနားဖို့လည်း ဆုတောင်းလိုက်ပါ’တဲ့။ Y2K တုန်းကလည်း သက္ကရာဇ် ၂၀၀၀ ပြည့်မှာ ကမ္ဘာပျက်မယ်လို့ ဟောပြောပြီး အဲဒီလို ဘာသာရေး ဆွယ်တရား ဟောပြောမှုတွေ ရှိခဲ့ဖူးတယ်။

www.kelasa.org

www.kelasa.org

ပြီးခဲ့တဲ့ စနေနံနက်က ကင်းမျှော်စင် အုပ်စုတွေ တံခါးလာခေါက်လို့ ဒီကိစ္စကို သတိရတာနဲ့ ထွက်ပြီး ကြည့်တော့ အလွန် စိုးရိမ်နေတဲ့ လေသံနဲ့ သူတို့ ပြောပုံက 'ရှေ့တစ်ပတ် အင်္ဂါညမှာ ဒီအနားမှာ (လိပ်စာပေးပါတယ်) ဆွေးနွေးပွဲရှိတယ်၊ လာဖြစ်အောင်လာပါ၊ နောက် တစ်နှစ်ကြာရင် ကမ္ဘာကြီး ပျက်စီးတော့မယ်၊ အချိန်မရှိတော့ဘူး၊ တစ်နှစ်အချိန်ဆိုတာ တိုလွန်းတယ်၊ ဘုရားသခင်နဲ့ တွေ့ဖို့ လာဖြစ်အောင် လာပါ'တဲ့။

အဲဒီလို ဘာသာရေး အစွန်းရောက်တွေရဲ့ ပုံကြီးချဲ့ ဟောပြော ရေး သားမှုတွေကြောင့် မကြာခင် ကမ္ဘာပျက်မယ်လို့ အပြောများလာတာ ဖြစ်နိုင်တယ်။ ဒါပေမယ့် မပူပါနဲ့ ... အနန္တမေတ္တာရှင် ဘုရားသခင်ဟာ သူဖန်ဆင်း ထားတဲ့ သတ္တဝါတွေရဲ့ ဖခမည်းတော်ဖြစ်လို့ သူ့ကို ကျောခိုင်းနေကြတဲ့ ဘုန်းကြီးတို့လို အမိုက်ကလေးတွေကို မိဘမေတ္တာနဲ့ ခွင့်လွှတ်ပြီး ချမ်းသာပေးပါလိမ့်မယ်။

တွန်တီး တွဲလ် ရုပ်ရှင်ကားကတော့ အရောင်းရဆုံး စံချိန်ဝင်သွားလို့ ၂၀၁၂ ကမ္ဘာပျက်အဆိုကြောင့် ထောတဲ့လူတွေလည်း ထောကုန်ပြီ။ သူဌေးဖြစ်သွားတဲ့ အဲဒီရုပ်ရှင်ကား ထုတ်လုပ်သူတွေဟာ နောက်တစ်နှစ်ဆိုရင် ကမ္ဘာပျက်မယ့် အတူတူ ဒီအမြတ်ငွေတွေ ဘာလုပ် အုံးမှာလဲဆိုပြီး ဆင်းရဲတဲ့နိုင်ငံက လူတွေကို ပေးပစ်လိုက်ရင် ဘယ်လောက် ကောင်းမလဲလို့ ဘုန်းကြီး စဉ်းစားနေမိတယ်။

## မဖြစ်နိုင်ပါဘူး

ဂျာနယ်ကျော် ဦးချစ်မောင်က ဒုတိယကမ္ဘာစစ် မဖြစ်မီက စာတစ်အုပ် ရေးခဲ့ပါတယ် 'ကမ္ဘာကြီး ပျက်စီးလုနီးပြီလော'တဲ့။ ရေးသူဟာ သတင်းစာဆရာ ဖြစ်တဲ့အတိုင်း လက်တွေ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေအရ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ အုပ်စုဖွဲ့ စစ်ရေးပြင်ဆင်မှုတွေ၊ အုပ်စု တစ်စုနဲ့ တစ်စုရဲ့ တင်းမာမှုတွေ၊ လတ်တလောဖြစ်ပျက်မှုတွေကို ကြည့်ပြီး ဒုတိယကမ္ဘာစစ် ဖြစ်နိုင်ခြေကို ခန့်မှန်းတဲ့ စာအုပ်ပါ။ ခန့်မှန်းတဲ့အတိုင်း အမှန်ပဲ ကမ္ဘာကြီး ပျက်စီးခဲ့တာပဲ။

ဒါပေမယ့် .. တူးသောင်ဇင်တွဲလ် ခန့်မှန်းချက်ကတော့ အားလုံးဟာ လက်တွေ့မပါတဲ့ ထင်ကြေးတွေချည်းပါပဲ။ သိပ္ပံအဆို မှန်ခဲ့ရင်တောင် ဖြစ်နိုင်ခြေရှိတာက ကမ္ဘာ့ အချို့နေရာဒေသတွေမှာ နေကြာကြာ ကြတ်နိုင်တယ်။ မေးခွန်းရှင် သိနေသလို ငလျင်၊ မုန်တိုင်းနဲ့ ရေလွှမ်းမိုးမှုတွေလို သဘာဝ ဘေးအန္တရာယ်တွေဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဝုန်းကနဲ့ တောင်နဲ့မြောက် ဝင်ရိုးစွန်းပြောင်းလဲပြီး ကမ္ဘာပျက်တဲ့ အထိတော့ မဖြစ်နိုင်ပါဘူး။

ဗုဒ္ဓဝါဒီတစ်ယောက်အနေနဲ့ မဖြစ်နိုင်းဘူးလို့ပဲ ယုံကြည်ထားပြီး စိတ်ထဲမှာ စွဲထင်နေတာကို ထုတ်ပစ်လိုက်ပါ။ ပျက်မယ်ဆိုရင် ယခုအချိန်ကတည်းက ကမ္ဘာပေါ်မှာ ဆိုးဆိုးရွားရွား အရိပ်အယောင်တွေ စတင်နေလောက်ပါပြီ။

## မဂ္ဂင်ယာဥ်စီး

အင်း .. ကမ္ဘာပျက်တယ်ပဲထား၊ တစ်ယောက်တည်း မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးကြုံရမှာမို့ တစ်ကိုယ်တည်း အကြောက် လွန်နေစရာ မလိုပါဘူး။ အများနဲ့ သေရမှာဖြစ်လို့ ပျော်စရာကြီးပါ။ 'မဂ္ဂင်ယာဥ်ကြီး အမြန်စီး ခရီးထွက်တော့မည်'လို့ တောင်မြို့ ဆရာတော်ကြီး မပျံလွန်ခင် ရက်ပိုင်းလောက်အလိုက ရေးခဲ့သလို 'မဂ္ဂင်ကျင့်စဉ်'နဲ့ လာမယ့် ဘေးကို ပြေးတွေ့ဖို့ ပြင်ဆင်ထားပါလို့ပဲ ဘုန်းကြီးလည်း (သူများကို အားကျလို့) ဆွယ်တရား ဟောလိုက်ပါရစေ။ ❐



www.kelasa.org